# မင်းမြတ်သူရ

ဝဏ္ဏပဘာ



တစ်နေ့သ၌ ဧရာဝတီမြစ်နှင့် မနီးမဝေးရှိ အိမ်ကြီးတစ်ဆောင်၌ လူတစ်စုသည် တစ်စုံတစ်ရာကို စည်းဝေးတိုင်ပင်နေကြလေ၏။ ထိုလူစု၏ ခေါင်းဆောင်မှာ ချောမောလှပသော မိန်းမတစ်ယောက် ဖြစ်၏။

ထိုမိန်းမသည် သူမကို ကြောင်အမ်းအမ်းကြည့်နေသူများကို မကျေမချမ်းဖြင့်

“ ရှင်တို့ ဘာဖြစ်လို့ ကျွန်မကို ပါးစပ်အဟောင်းသားနဲ့ ကြည့်နေတာလဲ၊ ရှင်တို့ ခေါင်းထဲမှာ ဘာအကြံဉာဏ်မှ မရှိတော့ဘူးလား”

ဟု မေးမြန်းလေရာ သူမ၏ ရှေ့တွင် ထိုင်နေသော ထိပ်ပြောင်ပြောင်နှင့်လူက

“ဒီမှာ မမလေး ကျုပ်ကတော့ ဒီကိစ္စကို ခေါင်းရှုပ်ခံပြီး မတွေးချင်တော့ဘူး ဒီကောင်လေးကိုပဲ အပြတ်ရှင်းလိုက်ချင်ပြီ”

ဟု ပြောလေရာ ထိုမိန်းမက လက်ကာပြ၍

“တော်တော့၊ ရှင့်စကားကို ဒီမှာ တင်ရပ်လိုက်၊ ရှင့်ခေါင်းထဲမှာ အကြံဉာဏ်မရှိဘူး၊ ရှင့်အကြံအစည်ကိုသာ ကျွန်မလက်ခံလိုက်ရင် ကျွန်မနောက်ကို ပုလိပ်တွေ တကောက်ကောက်လိုက်လာမှာ သေချာတယ်”

ဟု ပြောလေ၏။

ကျန်သောလူတစ်ဦးက ဝင်ရောက်၍

“မမလေးပြောတာ သိပ်မှန်တယ်၊ ဒီကောင်လေးဟာ ဦးဘတူရဲ့ တစ်ဦးတည်းသော အမွေခံသား၊ သူ့ကို အလွယ်တကူရှင်းလို့ ဘယ်ဖြစ်မှာ လဲ၊ ပုလိပ်က မမလေးကို သံသယဖြစ်သွားမှာ ပေါ့၊ ကိုပြောင်စကားကို နားမထောင်ပါနဲ့ ”

ဟု ပြောလေ၏။ ထိုအခါ ပိန်ရှည်ရှည်လူတစ်ဦးက ဝင်ရောက်၍

“ဟုတ်တယ်၊ ကိုပြောင်ရဲ့ အကြံဉာဏ်ဟာ ကျုပ်တို့ အားလုံး ထောင်နန်းစံရမယ့်အကြံပဲ၊ သူ့စကားကို လက်ခံလိုက်ရင် ကျုပ်တို့ မကြာခင် အုတ်ရိုးနောက်ရောက်သွားမယ်”

ဟု ပြောလေ၏။

ထိပ်ပြောင်ပြောင်လူက ခေါင်းကုတ်၍

“ဒါဆိုရင် ကျုပ်တို့ မကြံတတ်တော့ဘူး၊ မမလေးမှာ ဘယ်လိုအကြံရှိလဲ”

ဟု မေးမြန်းလေ၏။

ချောမောလှပသောမိန်းမက ထိုင်ရာမှ ထ၍ ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး

“ဒီကောင်လေး ပျောက်ပျက်သွားတာဟာ မတော်တဆ ပျောက်ပျက်သွားတာပဲဖြစ်ရမယ်၊ ဒါတောင်မှ ငါ့ကို သံသယဝင်တဲ့ လူတွေ အများကြီးရှိတယ်၊ ဘာပဲဖြစ်ဖြစ် သိသာသိစေ၊ မမြင်စေနဲ့ ဆိုတဲ့ စကားရှိတယ်၊ ကျွန်မတို့ ဘက်က ပိပိရိရိလုပ်ဖို့ အလွန်လိုအပ်တယ်”

ဟု ပြောလေ၏။

ပိန်လှီလှီလူက လှပသောမိန်းမကိုကြည့်၍

"မမလေးက မတော်တဆသေသွားအောင် လုပ်ချင်တာလား၊ ဒါဆိုရင် ကျုပ်မှာ အကြံတစ်ခုရှိတယ်၊ ကောင်လေးကို လှေစီးမယ်ဆိုပြီး မြို့ပြင်က ရေကန်ကိုခေါ်သွားမယ်၊ ပြီးတော့ လှေကို အပေါက်ဖောက်ပြီး ကောင်လေးကို ရေလယ်မှာ ထားခဲ့မယ်"

ဟု ပြောလေ၏။

ထိုအခါ ချောမောလှပသောမိန်းမက ပိန်လှီလှီလူကို လှောင်ပြုံးပြုံးလိုက်ပြီး

"ဒါ ဆိုရင်တော့ ရေကန်ထဲမှာ ရေနစ်မယ့်သူဟာ ကောင်လေး မဟုတ်ဘူး ၊ ရှင်ပဲဖြစ်လိမ့်မယ်၊ ဒီ ကောင်လေး ရေကူးတဲ့ နေရာမှာ ဖျံတစ်ကောင်လား အောက်မေ့ရတယ်"

ဟု ပြောလေရာ ပိန်လှီလှီလူက ငြိမ်သက်သွားလေ၏။ ထိုအခါ ထိပ်ပြောင်သောလူက မိန်းမလှကိုကြည့်၍

"မမလေးမှာ ဒီကောင်လေးနဲ့ ပတ်သက်ပြီး အကြံဉာဏ်ရှိပုံရတယ်၊ အဲဒီအကြံဉာဏ်ကို ကျုပ်တို့ ကိုပြောပြပါ"

ဟု ပြောလေ၏။

ထိုအခါ ချောမောလှပသောမိန်းမက အဝေးဆီသို့ ငေးကြည့်၍

"ကျွန်မရဲ့ အကြံဉာဏ်ဟာ အထူးအဆန်းတော့ မဟုတ်ဘူး ၊ အလွန်သမားရိုးကျဆန်တယ်၊ ဒါပေမဲ့ အရိုးဆုံးက အဆန်းဆုံးဆိုတဲ့ စကားရှိတယ်၊ ကျွန်မတို့ ကြိုးစားကြည့်ရင် အောင်မြင်နိုင်မှာ ပါ၊ ကျွန်မ သူ့ကို ဘုရားဖူးဆိုပြီး ခေါ်သွားချင်တယ်၊ ရာသီအလိုက်ကျင်းပတဲ့ ဘုရားပွဲတော်တွေ အများကြီးရှိတယ်၊ ဘုရားပွဲကြီးတွေကို ကောင်လေးကိုခေါ်သွားပြီး လမ်းမှာ ပျောက်သွားသယောင် ဖန်တီးလိုက်မယ်"

ဟု ပြောလေရာ၊ ထိပ်ပြောင်ပြောင်နှင့်လူက မိန်းမလှကို ကြည့်၍

"မမလေးပြောတာ ကျုပ်သဘောပေါက်ပြီ၊ ဘုရားပွဲမှာ ပျောက်သွားသယောင်နဲ့ ကောင်လေးကို အပြတ်ရှင်းမယ်ပေါ့၊ အလွန်ကောင်းတဲ့ အကြံအစည်ပဲ"

ဟု ချီးမွမ်းလေ၏။

ထိုအခါ မိန်းမလှက ထိပ်ပြောင်ပြောင်နှင့် လူကို ကြည့်၍ အံကိုကြိတ်လိုက်ပြီး

"ဒီမှာ ရှင့်ခေါင်းထဲမှာ ဉာဏ်မရှိဘူး၊ ပုစွန်ဦးနှောက်နဲ့ လူ၊ ကောင်လေးဟာ ကျွန်မယောကျ်ားရဲ့ တစ်ဦးတည်းသောသား၊ ကောင်လေးကို ကျွန်မ အပြတ်ရှင်းလိုက်ရင် ပုလိပ်က သံသယဝင်ပြီး အမှုပတ်လာနိုင်တယ်၊ ဒါကြောင့် ပြဿနာဖြစ်လာရင် ရှောင်လွှယ်တိမ်းလွှယ်အောင် ကောင်လေးကို ဘုရားပွဲမှာ ပျောက်သွားသယောင် ဖန်းတီးရမယ်"

ဟု ပြောလေရာ ပိန်လှီလှီလူက ဝင်ရောက်၍

"ကောင်လေးကို ရန်ကုန်မြို့ကိုပို့ပြီး ဘော်ဒါဆောင်တစ်ခုမှာ ကျောင်းအိပ်ကျောင်းစားထားရင် ကောင်းမလား"

ဟု မေးမြန်းလေ၏။ ချောမောလှပသောမိန်းမက ခေါင်းခါယမ်း၍

"မထားဘူး၊ တစ်နေ့ ကောင်လေးပညာတွေတတ်ရင် ကျွန်မတို့ ကို ဒုက္ခကောင်းကောင်း ပေးလိမ့်မယ်၊ ဒီကောင်လေးကို ကျွန်မတို့ နဲ့ ဝေးတဲ့ နေရာကိုပို့လိုက်ရင် အကောင်းဆုံးပဲ၊ နောက်လမှာ မကွေးမြေသလွန်ဘုရားပွဲရှိတယ်၊ ကောင်လေးကို ဘုရားပွဲလိုက်ပို့မယ်ဆိုပြီး ခေါ်သွားရမယ်၊ ပြီးတော့ လူအုပ်ထဲမှာ ကောင်လေးကိုပစ်ထားခဲ့မယ်၊ ကျွန်မရဲ့ အကြံအစည်သာ အောင်မြင်မယ်ဆိုရင် ကောင်လေးဟာ ဘုရားပွဲမှာ ဆယ့်နှစ်ပွဲ

ဈေးသည် တွေရဲ့ ခိုင်းဖတ်ဖြစ်သွားလိမ့်မယ်၊ ဒီကောင်လေး ကံကောင်း ထောက်မပြီး အိမ်ကိုပြန်ရောက်လာရင်လည်း ဝမ်းပန်းတသာ အမူအ ရာနဲ့ ကြိုဆိုလိုက်ရုံပဲ ကျွန်မကို ပုလိပ်က အမှုမပတ်နိုင်တော့ဘူး”

ဟု ပြောလေ၏။

မိန်းမလှ၏ စကားကြောင့် သူမ၏ တပည့်များက ကောင်လေးအား မကွေးမြသလွန်ပွဲတော်၌ အကောက်ကြံ၍ စွန့်ပစ်ရန်နည်းလမ်းများကို ပြောဆိုနေလေတော့၏။

မိန်းမလှသည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး ခြံထဲသို့ ကြ ည့် လိုက်လေ၏။ ထိုအခါ ခြံ၏ အနောက်ဘက်တစ်နေရာတွင် ခွေးငယ် လေးတစ်ကောင်ကို အစာကျွေးနေသော ကလေးငယ်ကို ကြည့်၍ မဲ့ပြုံးပြုံးလိုက်ပြီး

ကောင်လေးရယ် . . . မင်း မကြာခင် မိဘမဲ့ကလေးဘဝနဲ့ ဆယ့်နှစ်ပွဲ ဈေးသည် တွေကြားမှာ ကျင်လည်ရဦးမယ်၊ သနားစရာကောင်းလိုက် တာ”

ဟု တီးတိုးရေရွတ် လိုက်လေ၏။ ထို့နောက် မိန်းမလှသည် သူမ၏ တပည့်များ ဘက်သို့လှည့်၍

“ဒီရက်ပိုင်းမှာ မင်းတို့ ငြိမ်ငြိမ်သက်သက်နေလိုက်ကြဦး၊ ဓားပြတို က်ဖို့ အခွင့်ကောင်းမရှိသေးဘူး၊ ကျွန်မ ဒီရက်ပိုင်းမှာ သိပ်မအားဘူး၊ မြို့လယ်ဓမ္မာရုံကြီးဆောက်ဖို့ အတွက် အလှူခံထွက်ရမယ့် ရက်တွေရှိ သေးတယ်၊ ဩော် . . . မေ့လို့ ၊ မြို့ဓမ္မာရုံ တစ်ခုတည်းမကဘူး၊ ပရဟိတ ကျောင်းဆောက်ဖို့ လည်း ဟောရပြောရဦးမယ်၊ လူဆိုတာ ကိုယ်ကျိုးတ စ်ခုတည်းကြည့်ပြီး အသက်ရှင်ရပ်တည်လို့ မဖြစ်ဘူးရှင့်၊ အများကောင်း ကျိုးလုပ်ရဦးမယ်”

ဟု ပြောကာ အခန်းထဲမှ ကျောခိုင်းထွက်ခွာသွားလေရာ မိန်းမလှ၏ တပည့်များ သည် ပါးစပ်အဟောင်းသားကြည့်၍ ကျန်ရစ်ခဲ့လေ၏။

*

မိန်းမလှသည် အလောင်းကစား ဝါသနာထုံသော မိသားစုမှ ဆင်းသက်လာ၏။ သူမ၏ ဖခင်သည် တစ်သက်လုံးဖဲရိုက်ပြီး အသက်မွေးဝမ်းကျောင်းလာသူ ဖြစ်၏။ မိခင်မှာ လည်း ဖဲကစားရလျှင် ထမင်းမေ့ဟင်းမေ့တတ်သည့် လူစားမျိုး ဖြစ်၏။

ဖခင်နှင့်မိခင်သည် လောင်းကစားဖော်မရှိလျှင် နှစ်ယောက်တည်း လောင်းကစားနေတတ်သူများ ဖြစ်၏။ သူမကို ကိုယ်ဝန်ဆောင်စဉ်အချိန်ကပင် ဖခင်နှင့်မိခင်သည် ယောက်ျားလေးလော၊ မိန်းကလေးလောဟု လောင်းကြေးထပ်ခဲ့၏။

ထိုစဉ်က လောင်းကစားပွဲ၌ ဖခင်ဖြစ်သူက အနိုင်ရခဲ့၏။ ဖခင်သည် မိခင်နှင့်လောင်းသောပွဲ၌ အနိုင်ရသဖြင့် သူမ၏ နာမည်ကို ဖခင်စိတ်ကြိုက် မြမြဟု မှ ည့်ခေါ်၏။

ဖခင်သည် မိခင်ထက် အတိုင်းအစမဲ့ လောင်းကစား ဝါသနာထုံ၏။ မြမြအသက် ဆယ်နှစ်အရွယ်တွင် နေစရာအိမ်ကိုပင် လောင်းကြေးထပ်၍ ကစားခဲ့၏။

ထိုစဉ်က ကံကြမ္မာက မျက်နှာသာပေးခဲ့သဖြင့် မြမြတို့ မိသားစု အနိုင်ရပြီး စီးပွားတက်ခဲ့၏။

မြမြအသက် တစ်ဆယ့်သုံးနှစ်အရွယ်တွင် ဖခင်သည် ငယ်ရွယ်နုနယ်၍ လောင်းကစားခြင်းအမှုကို မိခင်ထက် ပိုမိုဝါသနာထုံသော မိန်းမတစ်ယောက်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွား၏။

မိခင်သည် မျက်ရည်တစ်စက်မျှမကျဘဲ အံကိုတင်းတင်းကြိတ်၍ ဘဝကို ရင်ဆိုင်ခဲ့၏။ ထို့နောက် မိခင်သည် ဖခင်၏ သူငယ်ချင်း လောင်းကစားသမားတစ်ယောက်နှင့် အိမ်ထောင်သစ်ထူထောင်လိုက်၏။

မိခင်သည် ဒုတိယယောကျ်ားကို အလွန်အလိုလိုက်ပြီး အနစ်နာခံပြီး ပေါင်းသင်းရရှာ၏။ ထိုယောကျ်ား အိမ်သို့ပါ လာပြီး လအနည်းငယ်အတွင်း မိန်းမသားတန်မယ့် မိခင်က ရှာဖွေကျွေးမွေးရကြောင်း သိလာရ၏။

ထိုသူသည် ယောကျ်ားပျင်းကျောခင်းဟူသော စကားနှင့်အညီ အချိန်ပြည့် အိပ်စက်ခြင်း၌ သာ အချိန်ကုန်နေပြီး မည်သည့်အလုပ်ကိုမျှ မယ်မယ်ရရမလုပ်ချေ။

ထိုသူသည် မနက်စာစားပြီးသည့်အချိန်မှ စ၍ ညနေစောင်းသည် အထိ နေ့စဉ် တစ်နေကုန် အိပ်စက်နေတတ်၏။

အိပ်ယာနိုးသောအခါ မိခင်ရှာဖွေထားသောငွေကို လက်ဖြန့်တောင်း၍ အရက်ဆိုင်သို့ သွားရောက်လေ၏။

ညသို့ရောက်လျှင် အရက်မူးယစ်ပြီး သီချင်းများ အော်ဟစ်သီဆိုပြီး ပြန်လာ၏။ ထိုသူ သီဆိုသောသီချင်းများ သည် မိခင်ကိုချစ်ကြိုက်ကြောင်း ရေးဖွဲ့ထားသော အူကြောင်ကြောင် သီချင်းများ ပင် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ မိခင်သည် သူမအတွက် စပ်ဆိုထားသော အူကြောင်ကြောင်သီချင်းများကို အလွန်နှစ်သက်မြတ်နိုးလေ၏။

ထို့ကြောင့်ပင် အရည်အချင်းမဲ့သော ယောကျ်ားကို လုပ်ကိုင်ကျွေးမွေးနေခြင်း ဖြစ်တတ်ရာ၏။ ထိုအချိန်တွင် သူမ၏ အသက်အရွယ်မှာ နှစ်ဆယ်တင်းတင်းပြည့်ပြီး အလှသွေးအကြွယ်ဆုံး အချိန်ပင် ဖြစ်၏။

တစ်နေ့သ၌ မိခင်၏ ယောက်ျား လူပျင်းထိပ်ခေါင်သည် မည်သူ မြှောက်ပင့်ပေးလိုက်သည် မသိ။ အရက်ဆိုင်မှ ပြန် လာပြီး သူမ၏ အိပ်ခန်းအတွင်းသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာ၏။

ထိုအချိန်၌ မိခင်ဖြစ်သူမှာ လေးကောင်ဂျင်ဝိုင်းတစ်ခုသို့ ရောက်ရှိနေ၏။ သူမသည် ပထွေးဖြစ်သူ၏ စော်ကားခြင်းကို မိခင် စိတ်မကောင်းဖြစ်မှာ စိုး၍ ရေငုံနှုတ်ပိတ်နေ၏။

တစ်ညသ၌ ပထွေးဖြစ်သူ၏ ယုတ်မာသောအကျင့်ကို မိခင်သိသွားသောအခါ ရင်ကွဲပက်လက် ဖြစ်သွားလေ၏။ မိခင်သည် မြမြကို ဖက်၍ ငိုယိုကာ ပထွေးကို အိမ်ပေါ်မှ မောင်းချလေ၏။

သို့သော် ပထွေးသည် မိခင်၏ လုပ်ကျွေးပြုစုမှုများကို သာယာပြီး မစွန့်လွှတ်နိုင်သဖြင့် နောက်မကျူးလွန်တော့ပါဟု အကြိမ်ကြိမ်ဝန်ချ၍ တောင်းပန်ပြီး အိမ်မှာ ပင် ခိုကပ်ပြီး နေထိုင်ခဲ့၏။

သို့သော် မိခင်မှာ မြမြအတွက် ရတက်မအေးနိုင်ရှာတော့။

*

မိခင်သည် မြမြနှင့်ပေးစားရန် ယောက်ျားများကို တစ်ယောက်ပြီးတစ်ယောက် ဇကာတင် ရွေးချယ်၏။ နောက်ဆုံးတွင် မြစ်ကြောင်းအတိုင်း အစုန်အဆန် ကူးသန်းသွားလာနေသော ငါးပိကုန်သည် ကိုမျိုးချစ်ဆိုသူနှင့်ပေးစားရန် ကြံစည်၏။

ကိုမျိုးချစ်သည် မြမြထက်အသက်ကြီးသော လူပျိုကြီးတစ်ယောက်ဖြစ်သဖြင့် မိခင်က ယုံစားပြီး လက်ထပ်ပေးခဲ့၏။

မြမြသည် ကိုမျိုးချစ်ကို မချစ်သော်လည်း အောင့်ကာနမ်းရန်ကြိုးပမ်း၏။ ကိုမျိုးချစ်သည် အရက်မသောက်၊ ဖဲမရို

က်၊ မိန်းမ မလိုက်ဘဲ အလုပ်ကြိုးစားလုပ်သူ ဖြစ်၏။

ကိုမျိုးချစ်နှင့် ပေါင်းသင်းရ၍ မြမြကို ကံကောင်းသည် ဟု လူအများက ဆိုကြ၏။ ကိုမျိုးချစ်၌ မြမြ သည်းမခံနိုင်သော ပြစ်ချက်တစ်ခုသာရှိ၏။

ထိုပြစ်ချက်မှာ ကိုမျိုးချစ်သည် ယောက်ျားပျိုလေးများ နှင့် ရင်းရင်းနှီးနှီး ပေါင်းသင်းနေထိုင်တတ်၏။ မိမိရှာဖွေ၍ ရသမျှ ဥစ္စာပစ္စည်းများကို လူငယ်များအား ပေးကမ်းထောက်ပံ့တတ်၏။

မြမြသည် ကိုမျိုးချစ်နှင့် အောင့်အည်းသည်းခံ၍ သုံးနှစ်တိတိပေါင်းသင်းခဲ့ပြီး ကွဲကွာခဲ့ပြန်၏။ ကိုမျိုးချစ်သည် သူ၏ ကြီးမားသော အိမ်ကြီး၌ ယောက်ျားပျိုသုံးယောက်နှင့် ကျန်ရစ်ခဲ့၏။

ကိုမျိုးချစ်နှင့် ခွာပြဲပြီးနောက် မီးရထားဂါတ်ဗိုလ်တစ်ဦးနှင့် ဆက်လက်၍ ပေါင်းဖက်၏။ ဂါတ်ဗိုလ်မှာ အလွန်တစ်ကိုယ်ကောင်းဆန်ပြီး အမျိုးကို အလွန်ချစ်တတ်သူ ဖြစ်၏။

ဂါတ်ဗိုလ်၏ မြောက်မြားလှသော အမျိုးအဆွေများ သည် မြမြတို့ အိမ်၌ သာလေယံဇရပ်ကဲ့သို့ ရှိလေ၏။ ဂါတ်ဗိုလ်၏ နှမများမှာ အလွန်ရိုင်းစိုင်းသူများ ဖြစ်သဖြင့် မြမြသည် ဂါတ်ဗိုလ်၏ နှမများကို သည်းမခံနိုင်သည့်အဆုံး မိခင်ထံသို့ ပြန်ပြေးခဲ့ရ၏။

ထိုအချိန်တွင် မိခင်သည် သူမ၏ ယောက်ျားဖြစ်သူ ထားရစ်ခဲ့သဖြင့် ရင်ကွဲပက်လက်ဖြစ်နေ၏။

မြမြက မိခင်ကို အစွမ်းကုန်နှစ်သိမ့်သော်လည်း မိခင်မှာ လွမ်းဖျားလွမ်းနာကျပြီး ကျန်းမာရေးညံ့ဖျင်းကာ နောက်ဆုံးတွင် မြမြကို လူ့လောကအလယ်၌ တစ်ယောက်တည်းထားရစ်ခဲ့၏။

မြမြ၏ တတိယမြောက်ယောကျ်ားမှာ အလွန်ထူးခြားသူတစ်ဦး ဖြစ်၏။ ထိုသူ၏ အလုပ်အကိုင်မှာ ဥပဒေပြင်ပ၌ နေထိုင်လုပ်ကိုင်သော သူတစ်ဦး ဖြစ်၏။ မြမြသည် မိခင်သေဆုံးပြီးနောက် စိတ်ပြေလက်ပျောက် ဘုရားဖူးထွက်ရင်း လမ်း၌ ဓားပြတိုက်ခံရ၏။

ဓားပြခေါင်းဆောင်သည် မြမြကို မြင်းမြင်းချင်း မေတ္တာသက်ဝင်ပြီး တောထဲသို့ ခေါ်ဆောင်သွားခဲ့၏။ မြမြသည် လင်သုံးယောက်ရရှိသည့်အနက် တတိယလင်ဖြစ်သော လမ်းဓားပြကို အနှစ်သက်ဆုံး ဖြစ်၏။

လမ်းဓားပြသည် ဓားပြဖြစ်သော်လည်း စိတ်သဘောထား တည်ကြည်ဖြောင့်မတ်သူ ဖြစ်၏။ ထိုသူသည် သက်ကြီးရွယ်အိုများ နှင့် အလွန်ဆင်းရဲနွမ်းပါးသူများကို ဓားပြမတိုက်ဘဲ ဘေးမဲ့ပေးတတ်၏။

ဓားပြတိုက်၍ ပိုလျှံသော ငွေကြေးများကို တစ်နှစ်တစ်ကြိမ် မှန်မှန် လှူဒါန်းတတ်၏။ လမ်းဓားပြနှင့် နေထိုင်ရသောဘဝသည် မြမြဘဝ၌ အပျော်ရွှင်ဆုံးဖြစ်ခဲ့၏။

လမ်းဓားပြသည် စိတ်သဘောထားတည်ကြည်သော်လည်း မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဟူသော စကားရှိသည့်အတိုင်း ပုလိပ်များ ၏ ပစ်ခတ်ဖမ်းဆီးခြင်းကို ခံရ၏။

မြမြသည် တတိယမြောက်ယောကျ်ား လမ်းဓားပြသေဆုံးပြီးနောက် သီလရှင်ကျောင်းတစ်ကျောင်း၌ သီလရှင်ဝတ်ရင်း တရားဓမ္မလိုက်စားရန် ကြိုးစား၏။

သို့သော် လပေါင်းများ စွာ ကြာသည် အထိ တရားမရဘဲ အတ္တစိတ်များ သာလျှင် များ သထက် များ လာသဖြင့် သီလရှင်ကျောင်းမှ ထွက်ပြေးခဲ့ရ၏။

ထိုသို့ထွက်ပြေးရင်း မြမြ၏ နောက်ဆုံးယူခဲ့သော ယောက်ျား ဦးဘတူနှင့် တွေ့ဆုံခဲ့၏။ ဦးဘတူသည် ဆီစက်၊ ဆန်စက်များ စွာပိုင်သော စက်သူဌေးတစ်ဦးဖြစ်သဖြင့် မြမြက အမိဖမ်းရန် ကြိုးပမ်း၏။

ဦးဘတူသည် လူရိုးလူအေးဖြစ်သဖြင့် မြမြ၏ မာယာကျော့ကွင်းထဲသို့ အလွယ်တကူ ဝင်ရောက်လာ၏။ ဦးဘတူသည် သူမ ယူခဲ့သောယောက်ျားများ အနက် ငွေကြေးဥစ္စာအပေါဆုံးဖြစ်သဖြင့် သူမအတွက် အစစအရာရာ အဆင်ပြေ၏။

ဦးဘတူနှင့် ယူသည့်အတွက် မြမြ၌ အနှောက်အယှက်တစ်ခုသာရှိခဲ့၏။

ထိုအနှောက်အယှက်မှာ ဦးဘတူ၏ သား တံခွန်ပင် ဖြစ်၏။ ဦးဘတူသည် တံခွန်ကို တစ်ဦးတည်းသောသားအဖြစ် အလွန်ချစ်ပြီး အလိုလိုက်အကြိုက်ဆောင်ထား၏။

တံခွန်ဆိုသော ကလေးငယ်မှာ ဖခင်အလိုလိုက်ထားသဖြင့် အနည်းငယ် ဆိုးသွမ်းချင်သလိုရှိပြီး မြမြကို နှစ်သက်ခြင်းမရှိဟု ထင်မြင်၏။

ဦးဘတူကမူ မြမြနှင့်တံခွန်ကို ရင်းနှီးကျွမ်းဝင်ရန် ကြိုးစားရှာ၏။ သို့သော် မြမြတို့ နှစ်ယောက်စလုံး တစ်ဦးနှင့်တစ်ဦး ပေါင်းစည်း၍ မရဘဲ ရှိနေလေ၏။

တံခွန်သည် မြမြကို မိခင်၏ နေရာကို အရယူထားသူအဖြစ် မုန်းတီးရွံရှာနေပုံရ၏။

ဦးဘတူကြီး နှလုံးရောဂါနှင့် သေဆုံးကာနီးသောအခါ သူ၏ သား တံခွန်ကို ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ရန် မြမြကို အကြိမ်ကြိမ် မှာ ကြားခဲ့၏။

မြမြကလည်း သေအံ့မူးမူးဖြစ်နေသော ဦးဘတူကြီး စိတ်ချမ်းသာစေရန် ကတိအတန်တန်ပေးခဲ့၏။ ဦးဘတူကြီးသေဆုံးသောနေ့က ပရိသတ်များ စွာရှေ့တွင် ဝမ်းပန်းတနည်း အမူအရာဖြင့် အောင်ဟစ်ငိုယိုခဲ့၏။

“ဝမ်းသာလိုက်တာ၊ ဒီနေ့ကစပြီး ငါလုပ်ချင်တာလုပ်လို့ ရပြီ၊ ငါ့မှာ စည်းစိမ်ဥစ္စာတွေ အများကြီးရှိနေပြီ၊ ငါ့ကို ဘယ်သူတားဝံ့မလဲ”

ဟု အောင်ဟစ် လိုက်လေ၏။

*